# နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ၄ ။ )**

**၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း   ၁၀   ရက်**

**(၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ   ၂၁   ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် -

(က) ပုဒ်မ ၆ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"၆။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦးနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ စုစုပေါင်း ရွေးချယ်ထားသည့် အဖွဲ့ဝင် ၉ ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် ဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်း၍ ရွေးချယ်သည့် အဖွဲ့ဝင်တစ်ဦး၏ အမည်ကို လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး သဘောတူညီချက် ရယူရမည်။"

(ခ) ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဇ) ၏ နောက်တွင် ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဈ) မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ မိမိတို့အား ရွေးချယ်သည့် သက်ဆိုင်ရာ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ထံသို့ အသီးသီး အစီရင်ခံခြင်း။"

၃။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ ကို ပုဒ်မ ၂၄ အဖြစ်လည်းကောင်း၊ ပုဒ်မ ၂၄ ကို ပုဒ်မ ၂၃ အဖြစ်လည်းကောင်း ပြန်လည် အမှတ်စဉ်ရမည်။ ထိုသို့ ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၄။ ပုဒ်မ ၂၃ အရ ချမှတ်သော ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"

၄။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပုဒ်မ ၂၅ ကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်